## RIPOT (REPORT) NAK LAM TIANG HAL DAH ASI

Ripot (report) nak ahmuh tik ah ILO tuanvo ngeitu nih felfai cikcek seh tiduh ah ripot (report) tu a ton lai. Aherh ah cun ripot (report) chan hmuh tiang hal in ahlathlai lai.

ILO tuanvo ngeitu nih ripot (report) nak a hmunh tik ah felfai tein adothlat lai i ahmuh ruahnak pekawk cu Rampi cozah chung i ILO riantlai tu sin ah a pek lai. Ram chung ILO riantlai  tu nih,thildik a chuah khawhnak hnga dothlat tubu a ser lai i nawl a pek lai.

## တိုင်းကြားခြင်းဖြင့် မည်ကဲ့သို့သောရလဒ်များ ပေါ်ပေါက်လာနိုင်ပါသလဲ

အစိုးရနှင့် အိုင်အယ်လ်အို နှစ်ဘက်စလုံး၏ ရည်ရွယ်ချက်မှာ အဓမ္မခိုင်းစေမှု ပပျောက်ရေးဖြစ်ပါသည်။ ဤတိုင်ကြားပုံနည်းစနစ်တည်ရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုသည် အဆိုပါရည်ရွယ်ချက်ကို ရှေ့ရှု၍ လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါသည်။ ထို့အပြင် သင်၏တိုင်ကြားမှုသည် မှန်ကန်ကြောင်း စုံစမ်းပေါ်ပေါက်ပါက သင့်အနေဖြင့် တနည်းတဖုံ တရားမျှတမှုနှင့် နောက်နောင် ဤသို့ထပ်မံမဖြစ်ပွားတော့ဆိုသည့် အသိအမြင်ရရှိစေခြင်း သို့မဟုတ် အဓမ္မစေခိုင်းသူအား သူ/သူမ၏ လုပ်ရပ်များအတွက် ထိုက်သင့်သော ပြစ်ဒဏ်ပေးပြီးဖြစ်ကြောင်း ကျေနပ်မှုရစေခြင်း စသည်တို့ကို သင မျှော်လင့်နိုင်ပါသည်။

## RIPOT(REPORT) NAK IN ZEI DAH A CHUAK KHO

Cozah le ILO tinh mi cu hramhraam rian fial a loh khawh nak ding a si. Hi ripot (report) nak lam le tuan nak hi a cung lei tinh mi hi zoh chih in atuan lai tiah kan zumh. Na ripot (report) mi adik ti a langh ah cun hmai lei ah a tlari in  Thil akal lai ti na hngalh pin ah hram hram in fial mi pa/nu ca ah a tlak zat in sual phawt asi cang ti lungtlin nak ruah chan khawh asi.

## တိုင်ကြားမှုပြုလုပ်ရန် မည်သူ့ကိုဆက်သွယ်ရမည်နည်း

ပဏာမအားဖြင့် ရပ်ကွက် / ကျေးရွာ၊ မြို့နယ် (သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများထံ တိုင်ကြားလျှင် သင့်လျော်မည်ဟု သင့်အနေဖြင့် ထင်မြင်ယူဆလျှင် ထိုသို့တိုင်ကြားမှုပြုလုပ်ပါ။ အဓမ္မစစ်မှုထမ်းစေခြင်း သို့မဟုတ် အသက်မပြည့်သော ကလေးသူငယ်များအား စစ်မှုထမ်းစေသော ကိစ္စရပ်များတွင် သင်၏ စိုးရိမ်မကင်းဖြစ်မှုကို နီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်း၊ စစ်အခြေခံလေ့ကျင့်ရေးကျောင်း သို့မဟုတ် နီးစပ်ရာတပ်စခန်းသို့ တင်ပြပါ။

အကယ်၍ အထက်ပါအကြံပြုချက်သည် သင့်အတွက် မသင့်လျော်ဟု ထင်မြင်ပါက သို့မဟုတ် အဆိုပါတိုင်ကြားမှုနှင့်စပ်လျဉ်းသော တုံ့ပြန်ဆောင်ရွက်ပေးမှုအပေါ် သင့်အနေဖြင့် အားရကျေနပ်မှု မရှိပါက စပ်ဆိုင်သော အချက်အလက် အထောက်အထားများဖြင့် သင်၏တိုင်ကြားချက်ကို အောက်ပါအတိုင်း လိပ်မူပေးပို့နိုင်ပါသည်။

## RIPOT (REPORT) DING AH AHO DAH PEH TLEIH DING A SI

Ahran in sang/khua, peng i uk tu bawi sin ah atha ti ah na ruah ah cun ripot (report) ko. Hramhraam ralkap tuan ter le kum tling lo hngak chia ralkap luhter kong ah phan nak na ngaih ah cun aa neihnak bik ralkap khomh nak ah va chim a hau.

Acung lei ning in na ruah rem lo ah cun, na ripot mi an in tuan piak mi na lung tlin lo ah cun na bia cherhchan le na ca pawl cu a tang lei hmun ah na pek khawh.


ဆက်သွယ်ရေးအရာရှိ
အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့
(အိုင်အယ်လ်အို)
အခန်းအမှတ်၊ ၁၂၁၂-၁၂၂၀၊ ၁၂ ထပ်၊
ကုန်သည်ကြီးများဟိုတယ်၊ အမှတ်၊ (၂၂၃)၊
ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့။
ဖုန်း(၀၁) ၂၄၂၃၉၃၊ (၀၁) ၂၄၂၈၁၁၊
ဖက်စ် (၀၁) ၂၄၂၅၉၄
အီးမေးလ် - yangon@ilo.org



INTERNATIONAL
LABOUR ORGANIZATION
(ILO)
ROOM -1212-1220.FLOOR-12
NO.223, TRADERS HOTEL.
SU LE , YANGON MYO
PHONE (01) 242393, (01) 242811.
FAX - (01) 242594
email - yangon@ilo.org


# အဓမ္မခိုင်းစေမှုပပျောက်ရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့သည် မြန်မာနိုင်ငံတွင် သဘောရိုးဖြင့် နေထိုင်သူများအတွက် အဓမ္မခိုင်းစေခြင်းခံရမှုများနှင့် စပ်လျဉ်း၍ တိုင်ကြားပိုင်ခွင့်ပြုသည့် နောက်ဆက်တွဲ သဘောတူညီချက်တစ်ရပ်ကို သဘောတူညီ ထားရှိပါသည်။ ဤတိုင်ကြားပုံ နည်းစနစ်ကို အမှန်တကယ် အဓမ္မခိုင်းစေခြင်း ခံရသူများအတွက် အိုင်အယ်လ်အိုဆက်သွယ်ရေးအရာရှိ၏ အကူအညီရယူကာ တန်ပြန်အရေးယူမှု တစ်စုံတစ်ရာ ပြုလုပ်ခံရခြင်း မရှိဟူသော ယုံကြည်ချက်အပြည့်အဝဖြင့် အစိုးရထံမှ တရားသဖြင့် ဖြေရှင်းပေးရေးအတွက် တောင်းဆိုနိုင်သည့် အခွင့်အလမ်းတစ်ခုအဖြစ် စီစဉ်ထားခြင်းဖြစ်ပါသည်။

## HRAMHRAAM RIANTUAN  TER HLOH  NAK

Ramkomh Kawlram leh Vawlei cunghuap riantuan naklei hotu komh in Kawlram chung a um mi caah hramhraam i riantuan ter nak kong he pehtlaih in ripot (report) nak nawl a peek mi chapmi hnatlaknak phung cu an lungtling. Hi phunglam hi hramhraam in rian tuan ter  tak tak atuarmi caah ILO pehtlaihnak lutlai sinah bawmh hal in alet talam azizutnak zei hmanh aum lo ti zumhnak tlamtling he Cozah sinin adik mi tawlrel piak ding in bawmhhal kawh nak lam pakhat timhlamh piak nak asi.

## အဓမ္မခိုင်းစေမှုဆိုသည်မှာ အဘယ်နည်း

အဓမ္မခိုင်းစေမှုဆိုသည်မှာ လူတစ်ဦးတစ်ယောက်အား အလုပ်တစ်ခုကို ထိုသူမပြုလုပ်ပါက (သို့မဟုတ်) မလိုက်နာပါက တစ်စုံတစ်ရာ အပြစ်ပေးခံရမည် ဟူသောခြိမ်းခြောက်မှုကြောင့် ထိုသူ၏ ဆန္ဒမပါဘဲ ဥပဒေနှင့် ဆန့်ကျင်၍ ခိုင်းစေသော အလုပ်မျိုးကိုခေါ်ပါသည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ အမိန့်ညွှန်ကြားချက်များသည် အဓမ္မခိုင်းစေမှုကျင့်သုံးခြင်းကိုလည်းကောင်း၊ အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအား တပ်မတော်အတွင်းသို့ စုဆောင်းမှုကိုလည်းကောင်း တားမြစ်ထားပါသည်။

မြန်မာ - ချင်း

## HRAMHRAAM RIANTUAN TER CU ZEI DAH ASI

Hramhraam rian tuan ter ti mi cu mi pa pakhatkhat kha a tuan lo ahcun sual phawt na si lai tiah thihpheih ruangah a duh na loin upadi he ralkap in fial khi asi. Kawlram chung hman lio mi upadi le nawl pek mi chung ah hramhraam fial le kum (18) tang ralkap luh ter hi akhamh mi asi.

## မည်ကဲ့သို့တိုင်ကြားနိုင်ပါသနည်း

သင်တိုင်ကြားနိုင်သော နည်းလမ်းများစွာရှိပါသည်။ အကယ်၍ အခြေအနေပေးပါက သင့်အနေနှင့် ပဏာမတိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာ၊ မြို့နယ် (သို့မဟုတ်) ခရိုင်အဆင့်ရှိ သင်၏ဒေသခံ အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတဆင့် တိုင်ကြားနိုင်ပါသည်။ (သို့မဟုတ်) နီးစပ်ရာ တပ်သားသစ်စုဆောင်းရေးစခန်းများတွင် စုံစမ်းမှုပြုလုပ်နိုင်ပါသည်။ အထက်ပါနည်းလမ်းသည် အဆင်မပြေပါက (သို့မဟုတ်) မနှစ်သက်ပါက အိုင်အယ်လ်အို ဆက်သွယ် ရေးအရာရှိထံ ဆက်သွယ်တိုင်ကြားနိုင်ပါသည်။

ဆက်သွယ်ရေးအရာရှိအား တယ်လီဖုန်း၊ ဖက်စ်၊ အီးမေးလ်၊ စာပို့၍သော်လည်းကောင်း၊ ၎င်း၏ ရုံးသို့သွားရောက်၍သော်လည်းကောင်း ဆက်သွယ်နိုင်ပါသည်။

သင်ဆန္ဒရှိပါက သင်ယုံကြည်ရသောမိတ်ဆွေတစ်ဦး (သို့မဟုတ်) အသိတစ်ဦးအား သင်၏ရေးသားထားသော တိုင်ကြားစာကို ဆက်သွယ်ရေးအရာရှိထံ သွားရောက်ပေးပို့စေရန် စီစဉ်နိုင်ပါသည်။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံကို အခြားစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

## ZEI TINDAH RIPOT (REPORT) KHAWH ASI

Ripot (report) nak lam tampi aum. Asi khawh ahcun sang,khuate,peng asi loah district sin uk pawl sin tiang ripot (report) khawh asi. A silo ah ralkap khawmhnak hmun ah hlathlai khawh asi. Acung lei bantuk in asi khawh lo ahcum vawlei pumpi huap (ILO) pehtlaih nak lutlai sinah ripot (report) asi.

ILO pehtlaih nak lutlai sinah telephone, fax, email, ca kuat le azungah va kal i ripot (report) khawh asi.

Na duh le na zumh mi na hawi, na hngalhtheih mi na hawi pakhatkhat kha na ca tial mi na kuat ter khawh. Ripot (report) ca kuat nak caleng khenh ca hmai dang ah zoh.

## တိုင်ကြားမှုပြုလုပ်ရန် လုံခြုံမှုရှိပါသလား

တိုင်ကြားမှုကိုအကြောင်းပြု၍ တိုင်ကြားသူများ၊ တိုင်ကြားမှုနှင့်ဆက်နွယ်နေသူများနှင့်အဓမ္မခိုင်းစေခံရသူများအား အနှောင့်အယှက်ပေးခြင်း၊ တရားစွဲဆိုခြင်း၊ တန်ပြန် အရေးယူခြင်းတို့ကို နောက်ဆက်တွဲ သဘောတူညီချက်က အကာအကွယ်ပေးထားပါသည်။ ဆက်သွယ်ရေးအရာရှိသည် နောက်ဆက်တွဲသဘောတူညီချက်အရ တန်ပြန်အရေးယူခြင်း မရှိသည်ကို မှန်ကန်ကြောင်းအတည်ပြုရန်အလို့ငှာ အဓမ္မခိုင်းစေခံရသူများ၊ တိုင်ကြားသူ(များ)၊ သူ/သူမ၏ကိုယ်စားလှယ် (များ) (သို့မဟုတ်) အခြားသော သက်ဆိုင်ရာပုဂ္ဂိုလ်(များ) နှင့် လွတ်လပ်စွာနှင့် လျှို့ဝှက်စွာ ဆက်သွယ်ခွင့် ရှိပါသည်။

## RIPOT (REPORT) DING AFELFAI MAW

Ripot (report) ruangah ripot (report) tuah tu le ripot (report) tmi he pehtlaih in hna hnawh nak pek,tazacuai,a let talam in sualphawt ti pawl cu chap mi phung hnatlak nak niha lettalam azizuhnak (sual phawhnak) a um lo zia feh ter nak ah hramhraam fial mi, ripot (report), ai awih fialmi asilo le cu he a pehtlaih mi he a thlithup in pehtlaih nak nawl a ngei.

## မည်သူတို့က တိုင်ကြားနိုင်ပါသနည်း

မြန်မာနိုင်ငံတွင် သဘောရိုးဖြင့် နေထိုင်သူတစ်ဦး ဖြစ်သည့် အောက်ပါပုဂ္ဂိုလ် တစ်ဦးဦးမှတိုင်ကြားနိုင်ပါသည်–

၁။ အဓမ္မစေခိုင်းခံရသူ(သို့မဟုတ်)
၂။ အဓမ္မစေခိုင်းခံရသူ၏ ဆွေမျိုးသားချင်း(သို့မဟုတ်)
၃။ အခြားသက်ဆိုင်သော ပုဂ္ဂိုလ်

## AHO NIH DAH A RIPOT (REPORT) KHAWH

Kawlram chungum a si mi atang lei mi nung pakhatkhat nih ripot (report) khawh asi -

1. Hramhraam in rian fial mi (asiloah)
2. Hramhraam fial mi i rualchan cingla (asiloah)
3. Adang peh tlai mi asi lai.

## တိုင်ကြားမှုသည် လျှို့ဝှက်လုံခြုံမှုရှိပါသလား

တိုင်ကြားမှုတစ်ခုအား ပြုလုပ်သည့်အချိန်တွင် သင့်အနေဖြင့် သင်သည်မည်သူဖြစ်သည်ကို အသေးစိတ်ဖော်ပြရမည်။ သို့ရာတွင် သင်၏ တောင်းဆိုချက်အရ ဆက်သွယ်ရေးအရာရှိက သင်မည်သူဆိုသည်ကို လျှို့ဝှက်ထားနိုင်ပါသည်။ စုံစမ်းစစ်ဆေးမှု အောင်မြင်အဆင်ပြေရန်အလို့ငှာ ဖြစ်နိုင်ပါက အဓမ္မစေခိုင်းသူသည် မည်သူဖြစ်ကြောင်း ဖွင့်ဟပြောပြသင့်ပါသည်။

ထွက်ဆိုချက်များနှင့် အခြားသက်ဆိုင်သော အထောက်အထားစာရွက်စာတမ်းများ (ရှိခဲ့လျှင်) ကို အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိက ဓမ္မဓိဌာန်ကျစွာ စစ်ဆေးသွားမည့်အပြင် လျှို့ဝှက်ထားရှိမှုနှင့်စပ်လျဉ်းသည့် စိုးရိမ်မကင်းဖြစ်မှုများအားပပျောက်သွားသည်အထိတိုင်ကြားချက်မပြုလုပ်မီ ရှင်းပြသွားမည်ဖြစ်ပါသည်။

## RIPOT (REPORT) NAK CU ATHLI THUP,A FELFAI MAW

Ripot (report) na tuah tik ah aho na si kha adik thliar in na langh ter lai. Pehtlaih nak lu tlai nih a thuh nawh khawh mi asi kho. Hlathlai nak ah afelfai nak hnga hramhraam fial mi aho dah asi kha langh ter ah a tha.

A kong lam na chim mi le cu he a peh tlai mi ca pawl aum ah cun ILO pehtlaih nak lu tlai nih felfai te i ahlat pin ah phan awk um lo ding in ripot (report) tuah hlan ah a fianh ter lai.

## တိုင်ကြားပုံနည်းစနစ်အရ မည်သို့ဆောင်ရွက်သနည်း

တိုင်ကြားမှုတစ်ခုကို လက်ခံရရှိသည့်အခါ အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိအနေဖြင့် တင်ပြထားသော အချက်အလက်များအား ဓမ္မဓိဌာန်ကျသော အကဲဖြတ်မှုတစ်စုံတစ်ရာ မပြီးဆုံးမီ အသေးစိတ်အချက်အလက်များအား ရှင်းလင်းစေရန် လိုအပ်ပါက အိုင်အယ်လ်အို ဆက်သွယ်ရေးအရာရှိသည် တိုင်ကြားသူနှင့်တွေ့ဆုံမှု ပြုလုပ်ရန်စီစဉ်ရမည် (သို့မဟုတ်) သင့်လျော်ပါက တိုင်ကြားမှုပြုလုပ်သည့် ဒေသသို့ သွားရောက်၍ ဆန်းစစ်မှုပြုလုပ်ရမည်။

အိုင်အယ်လ်အိုဆက်သွယ်ရေး အရာရှိသည် ၎င်းထံ လက်ခံရရှိသော တိုင်ကြားမှုများအား သုံးသပ်၍ ၎င်း၏ထင်မြင်ချက် သို့မဟုတ် အကြံပြုချက်နှင့်တကွ အချက်အလက်များအား နိုင်ငံတော်အစိုးရ၏ အိုင်အယ်လ်အိုရေးရာလုပ်ငန်းအဖွဲ့သို့ တင်ပြရမည်။ တိုင်ကြားမှုတစ်ခုအား လက်ခံရရှိသည့်အခါ လုပ်ငန်းအဖွဲ့သည် အချက်အလက်များ မှန်ကန်မှု ရှိ မရှိ စိစစ်နိုင်ရန်နှင့် သင့်လျော်သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ရေးအကြံပေးရန် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စုံစမ်းမှုပြုလုပ်ရန် ညွှန်ကြားရမည်။